

ဒိနိုဗို

ပြန်ဆိုသည်

# တရားသဖြင့်
# ရပ်ကြံ့ကြသူများ

# ဘာသာပြန်သူ၏ အမှာ စာ

အကြမ်းဖက် တိုက်ခိုက်မှုဟာ လူမကြိုက်၊ ဘုရားမကြိုက်တဲ့ အလုပ်ပါ။ ဘယ်နိုင်ငံရေးခေါင်းဆောင်မှ အကြမ်းဖက်မှုကို လူသိရှင်ကြား ထောက်ခံအားပေးတာမျိုးမရှိပါဘူး။ အကြမ်းဖက်မှု သတင်းတစ်ခုကို ကြားလိုက်တာနဲ့ လူတိုင်းနှာခေါင်းရှုံ့ကြပါတယ်၊ အ ကြ မ်း ဖ က် သ မား ဆို သူ တွေ ကို လ ည်း လူစိတ်မရှိတဲ့ သူတွေ၊ သူရဲဘောကြောင်တဲ့ သူတွေစသဖြင့် ရှုတ်ချပြစ်တင်ပြီး လူ့စည်း၊ ဘီလူးစည်းခွဲတာမျိုးပဲ လုပ်ကြပါတယ် ။ သူတို့ အပေါ်မှာ ဘ ယ် တု န်း က မှ မျှတတဲ့ အမြင်မျိုး၊ နားလည်အောင် ကြိုးစားမှုမျိုး မတွေ့ခဲ့ဖူးပါ။

အကြမ်းဖက်တိုက်ခိုက်မှုဟာ ကောင်းမွန်တဲ့ အလုပ်တစ်ခုမဟုတ်ပေမဲ့ မှားယွင်းတဲ့ အလုပ်တစ်ခု ဖြစ်တယ်လို့ ယတိပြတ်ပြောဖို့ တော့ ခက်လှပါတယ်။ ဘာကြောင့် ဆို မတရားမှုကို ခုခံငြင်းဆန်ဖို့ ရာ တခြားနည်းလမ်းတွေ မရှိတော့တဲ့ အခါ နောက်ဆုံးစွဲကိုင်ဖို့ နည်းလမ်းဟာ အကြမ်းဖက်တိုက်ခိုက်မှုသာ ဖြစ်နေလို့ ပါပဲ။ ဒါဟာမတရား ပြုကျင့်ခံနေရတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ နောက်ဆုံးအလန့်တကြား ကုတ်ခြစ်မှုပါပဲ။

ဒါဟာ အကြမ်းဖက်သမားတွေဘက်က ရှေ့နေလိုက်ပြောဆိုခြင်း မဟုတ်သလို အကြမ်းဖက်မှုကို အားပေးအားမြှောက်ပြုခြင်းလည်း

မဟုတ်ပါဘူး။ ဒါပေမဲ့ ကမ္ဘာပေါ်မှာ အကြမ်းဖက်မှုတွေဟာ ခိုင်လုံတဲ့ အကြောင်းတရားတွေရှိလို့ သာ ဆက်လက်တည်ရှိနေတယ်လို့ ယုံကြည်ပါတယ်။ (ကျွန်တော် ပြောဆိုတဲ့ အကြမ်းဖက်သမားဟာ အာဏာရှင်စနစ် သို့မဟုတ် မတရားအုပ်ချုပ်မှု ယန္တရားတစ်ခုကို သတ်သတ်မှတ်မှတ် ဦးတည်ရည်ရွယ်ပြီး အကြမ်းဖက်နည်းနဲ့ တိုက်ခိုက်လုပ်ကြံသူများကို ဆိုလိုပါသည် ။ မည်းမည်းမြင်ရာ ပစ်ခတ်သတ်ဖြတ်တဲ့ စိတ္တဇ လူသတ်သမားများကို မဆိုလိုပါ) ဒီအတွက် အကြမ်းဖက်သမားတွေကို လူသားရှုထောင့်ကနေပဲ နားလည်အောင် ကြိုးစားကြည့်ပြီး အကြမ်းဖက်တိုက်ခိုက်ဖို့ မလိုတဲ့ အခြေအနေမျိုးကို ဖန်တီးပေးနိုင်ကြမယ်ဆိုရင် အကောင်းဆုံးပဲဖြစ်မယ်လို့ ထင်မြင်မိပါတယ်။

ဒီနေရာမှာ ကမူးနဲ့ ကျွန်တော် အမြင်ချင်းတူပါတယ်။ သူ့အနေနဲ့ လ ည်း ဒုတိယကမ္ဘာစစ်အတွင်း ဂျာမန်ကျူးကျော်သူများကို ခုခံတွန်းလှန်ခဲ့ကြတဲ့ ပြင်သစ်မြေအောက် တော်လှန်ရေးသမားများ ၊ ပြင်သစ်ကိုလိုနီလက်အောက်ကနေ လွတ်မြောက်ဖို့ ကြိုးစားတဲ့ အယ်ဂျီးရီးယား တော်လှန်ရေးသမားများ အပေါ်မှာ သူ့အမြင်ကို ဒီပြဇာတ်နဲ့ ထုတ်ဖော်ပြသခဲ့ပုံ ရပါတယ်။ အာဏာရှင်တစ်ယောက်ကို လုပ်ကြံသတ်ဖြတ်မှုဟာ စက်ဆုပ်ရွံရှာဖွယ်ရာ လူသတ်မှုတစ်ခုလား၊ မြင့်မြတ်မှန်ကန်တဲ့ လုပ်ရပ်တစ်ခုလား၊ လူတစ်ယောက်ကို ဒီလို နိုင်ငံရေးအကြောင်းပြချက်တစ်ခုနဲ့ သတ်ဖြတ်ခွင့်ရှိသလား၊ ဒီလို လုပ်ကြံ သတ်ဖြတ်ခြင်းအားဖြင့် ပိုမိုကောင်းမွန်တဲ့ လောကတစ်ခုကို အမှန်တကယ်ပဲ ဖန်တီးနိုင်မလား၊ ဒါမှ မဟုတ် ဒီကိစ္စနဲ့ မသက်ဆိုင်တဲ့ အပြစ်ကင်းတဲ့ လူထုကြီးရဲ့ မုန်းတီးရွံရှာမှုကိုပဲ ခံရမလားစသဖြင့် စဉ်းစားစရာတွေပေးတာကို တွေ့ရပါတယ်။

ဘယ်လိုပဲဖြစ်စေ ကမူးပြောခဲ့သလိုပဲ ဒီစက်ဆုပ်ရွံရှာဖွယ်ရာ၊ မသတီစရာ ကြောက်မက်ဖွယ်အမှုကြီးကို လူများ စုလွတ်မြောက်ရေးအတွက် ကိုယ့်ကိုယ်ကိုယ် စတေးခံပြီး ဆောင်ရွက်ခဲ့ကြသူများကို ကျွန်တော်တို့ အနေနဲ့ လက်ခုပ်မတီးနိုင်ရင်တောင် အလွယ်တကူ မရှုတ်ချသင့်ပါဘူး၊ ငြိမ်းချမ်းရေးယောင်ဆောင်ထားတဲ့ အသံတိတ်ကို အကြမ်းဖက်မှုတွေရှိနေသရွေ့ ငြိမ်းချမ်းရေးကို ဆူဆူလောင်လောင် တောင်းဆိုနေတဲ့ ထိတ်လန့်ဖွယ်ရာ အကြမ်းဖက်မှုတွေကို စိတ်မကောင်းဖွယ်ရာ တွေ့မြင်နေရဦးမှာ ပါ။ ဒီ့အတွက် တရားမျှတပြီး ငြိမ်းချမ်းတဲ့ ကမ္ဘာလောကတစ်ခု ပေါ်ထွန်းလာစေဖို့ မျှော်ရည်ကာ ဒီပြဇာတ်ကို ကြိုးစားပြဆို လိုက်ပါတယ်။

**ဒီနိုပို**

* * *